မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

September 16, 2025 | Volume 94, Number 12

၁၆. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၇.၂၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၂.၈၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၆၂.၅၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၃၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၂၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဆီကြိတ်ခွဲလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံရန် ဦးစားပေးဖိတ်ခေါ်



ပြည်တွင်းရဲ့စားသုံးဆီကြိတ်ခွဲထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့ ဦးစားပေးဖိတ်ခေါ်နေတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင်က ပြောပါတယ်။

စက်တင်ဘာ ၁၄ ရက်က နေပြည်တော်မှာ ကျင်းပတဲ့ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းရဲ့ ဆဋ္ဌမအကြိမ်အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးမှာအခုလို ပြောကြားခဲ့တာပါ။

ဆီထွက်သီးနှံတွေ ကြိတ်ခွဲထုတ်လုပ်တဲ့လုပ်ငန်းတွေကို ဦးစားပေးဖိတ်ခေါ်ထားသလို ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိုလည်း တွန်းအားပေးဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

စားသုံးဆီကြိတ်ခွဲထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့အတွက် အဆိုပြုလွှာတွေ တင်ပြလာရင် အမြန်ဆုံး လည်ပတ်နိုင်အောင် ဆောင်ရွက်ပေးသွားမယ်လို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင်က ပြောပါတယ်။

ပြည်တွင်းဆီထုတ်လုပ်မှုတိုးတက်ပြီး ပြည်ပသွင်းကုန်လျှော့ချနိုင်ဖို့အတွက် ဆီကြိတ်ခွဲထုတ်လုပ်သူတွေ ၊စိုက်ပျိုးထုတ်လုပ်သူအပါအဝင် စားသုံးဆီနဲ့ ဆက်နွှယ်နေတဲ့ အသင်းအဖွဲ့တွေ ပူးပေါင်းညှိနှိုင်းပြီး မြန်မာနိုင်ငံ ဆီအသင်းချုပ်ဖြစ်ပေါ်လာဖို့ ဆန္ဒပြုတယ်လို့ ပြည်ထောင်စုဝန်ကြီးက ဆက်ပြောပါတယ်။လက်ရှိမှာ ဆီထွက်သီးနှံကြိတ်ခွဲထုတ်လုပ်တဲ့ ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းတွေအတွက် ဝင်ငွေခွန်ကို ၃ နှစ် ကနေ ၇ နှစ်အထိ ကင်းလွတ်ခွင့်ပြုထားတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ စားသုံးဆီထုတ်လုပ်တဲ့လုပ်ငန်းမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၉ ခု နဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု ၆ ခု လျှောက်ထားတာရှိတယ်လို့ သိရပါတယ်။

ပြည်တွင်းမှာ စားသုံးဆီ ကြိတ်ခွဲ ထုတ်လုပ်မှု တိုးမြင့်လာတာ နဲ့အမျှ ပြည်ပကနေ တင်သွင်းမှုလျှော့ချနိုင်မှာဖြစ်လို့ မူဝါဒနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကူအညီတွေ စနစ်တကျပံ့ပိုးကူညီပေးဖို့ရှိတယ်လို့ ပြည်ထောင်စုဝန်ကြီးက ပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဆီစားသုံးမှု များပြားပြီး ပြည်တွင်းထုတ်လုပ်မှုနဲ့မလုံလောက်လို့ ပြည်ပကနေ စားသုံးဆီ တစ်နှစ်ကို တန်ချိန် ၆ သိန်းကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ဖိုးလောက် တင်သွင်းနေရတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၈-၉-၂၀၂၅ မှ ၁၂-၉-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

### မတ်ပဲနှင့်ပဲစင်းငုံ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၅၉,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၂၅၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၅၀၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၁၆,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၁,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၉,၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၈၅ လုံး (တန်ချိန် ၄၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၄၀ လုံး (တန်ချိန် ၃၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ငရုတ်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂,၂၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၃၀၀ (၂၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၂၀၀ (၃,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၂၀၀ (၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ် ပေါင်း ၅၀ (၇၅၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

### မန်ကျည်းသီး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

### ထန်းလျက်၊ ကြံသကာနှင့် သကြား

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၈၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၆၅၀၊ ရေစကြို ထန်းလျက်

(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း **ထန်းလျက်၊ ကြံသကာနှင့်သကြား**များ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၈-၉-၂၀၂၅ မှ ၁၂-၉-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၆၅၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၅၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၃၅၀ နှင့် မုံရွာလတ်ချော ကျပ် ၈၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ် ၇၀၀၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၀၀၊ မုံရွာလတ်သန့် ကျပ် ၁၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၅ စီး(၆၃၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၅ စီး (၈၁၀,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရ သည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့ နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၇,၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၈၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၈၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၁၀၀ (၆၃,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၀၀၀ (၉၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၉၀၀ (၂၇,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း Ok ကျပ် ၃၀၀၀ ၊ အောင်ပန်း S1 ကျပ် ၄၀၀၀ နှင့် အောင်ပန်း S2 ကျပ် ၅၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အာလူးဈေးများ ငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ အာလူးဝင် ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၈ စီး(၁၆၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၀ စီး(၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၈ စီး (၄၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

TIR

## မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပီလောပီနံဧက ၁၂၀၀ ကျော် စိုက်ပျိုးပြီးစီး



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပီလောပီနံဧက ၁၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ပီလောပီနံလျာထားဧက ၁၂၈၁ ဧကကို ယခုနှစ် ဇွန်လ က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် ပီလောပီနံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူ များ ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

''စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ စိုက်နည်း စနစ်မှန်ကန်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့ စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းတွေ ကို မြေပြင်အရောက်ကွင်းဆင်းပြီး ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလည်း ပီလောပီနံစိုက်ဖူးတဲ့ အတွေ့အကြုံရှိတဲ့အတွက် အခက်အခဲမရှိ စိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ဒေသခံတောင်သူတွေစိုက်ပျိုးတဲ့ ပီလောပီနံတွေက အထွက်နှုန်းကောင်းတဲ့အမျိုးအစားတွေပါ'' ဟု ၎င်းကပြောသည်။

မြောင်းမြမြို့နယ်၌ ဒေသခံတောင်သူများ အများဆုံးစိုက်ပျိုးကြသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှလေးလခန့်အကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်ကြောင်း၊ ထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**Source : https://www.myawady.net.mm/**

## SKD ၊ CKD လောင်စာဆီသုံး ကားသစ်ဈေးများ စက်ရုံထုတ်မူရင်းဈေးထက် နှစ်ဆခန့်မြင့်တက်နေ

ပြည်တွင်း၌ အရောင်းအဝယ်ကောင်းသည့် SKD,CKD လောင်စာဆီသုံး ကားသစ်ဈေးများသည် တစ်ဆင့်ခံပြန်လည်ရောင်းချသည့် ဈေးကွက်အတွင်း စက်ရုံထုတ်ဈေးထက် နှစ်ဆနီးပါးခန့်ဈေးနှုန်းမြင့်တက်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။




SKD,CKD လောင်စာဆီသုံးကားသစ်များသည်နိုင်ငံတော်မှ နှစ်စဉ်ခွဲတမ်းဖြင့် အစီးရေ အကန့်အသတ်ဖြင့်ရောင်းချခြင်းဖြစ်ရာဈေးကွက်အတွင်းဝယ်လိုအားမြင့်တက်နေကြောင်းသိရသည်။

"SKD, CKD လောင်စာဆီသုံးကားသစ်တွေက ခွဲတမ်းအလိုက်ရောင်းပေးတာဆိုတော့ ကားအရောင်းပြခန်းတွေကိုခွဲပေးတာနဲ့တင် စက်ရုံထုတ်ထားတဲ့ ကားအရေအတွက်ကကုန်သွားတယ်။ ဈေးကွက်ထဲမှာ ကားအစီးရေအကန့်အသတ်နဲ့ရောင်းချပေးနေသလိုဖြစ်နေတော့ တစ်ဆင့်ပြန်ရောင်းတဲ့သူတွေဆီမှာပဲ ကားဝယ်လို့ရတာပေါ့။ ကားဈေးကလည်း ဆွဲတင်သလို ဖြစ်ပြီး

ဈေးတက်နေတာပါ”ဟု သိမ်ဖြူကားရောင်းဝယ်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဈေးကွက် အတွင်း ဆူဇူကီး၊ KIA ၊ တိုယိုတာ စသော SKD,CKD လောင်စာဆီသုံးကားသစ်များသည် လူကြိုက်များသော ကားအမှတ်တံဆိပ်များဖြစ်ကြပြီး ကားမော်ဒယ်နှင့် အမျိုးအစားအလိုက် ဈေးကွက်အတွင်း ဈေးနှုန်းနှစ်ဆနီးပါး ဈေးမြင့်တက်နေခြင်းဖြစ်သည်။

“ဟိုတစ်လောက စက်ရုံထုတ်တဲ့ ဆူဇူကီးအာတီကာ ဟိုက်ဘရစ်ဆိုရင် စက်ရုံထုတ်ဈေးက သိန်း ၁၀၅၀ပဲရှိတယ်။ ကားဈေးကွက်ထဲမှာ တစ်ဆင့်ပြန်ရောင်းနေတဲ့ဈေးက လိုင်စင်ပါအပြီးအစီး သိန်း ၁၉၅၀ အထိ ခေါ်ဈေးတွေဖြစ်နေတာ၊ ကားဝယ်စီးချင်သူတွေက စက်ရုံကရောင်းပေးတဲ့ဈေးနဲ့ တိုက်ရိုက်အပြင်မှာဝယ်ချင်ပေမဲ့ အရောင်းပြခန်းတွေက လက်ကျန်ကားမရှိတော့ဘူး ဆိုပြီးအကြောင်းပြတယ်၊ SKD,CKD ကားတွေက ဈေးကွက်ထဲမှာ ဈေးအမြင့်ဆုံးပဲ”ဟု ဝါရင့်ကားဝယ်ရောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

SKD,CKD ကားများသည် ပြည်တွင်းဈေးကွက်အတွင်းသို့ ကားအစီးရေနည်းပါးစွာဝင်ရောက်နေခြင်းဖြစ်ပြီး အရောင်းပြခန်း Show room တစ်ခုလျှင် ခြောက်လခန့်နှင့်သုံးလခန့်ကြာမှသာ တစ်စီး သို့မဟုတ် နှစ်စီးခန့်သာ ဈေးကွက်အတွင်း ဝင်ရောက်ကြောင်းသိရသည်။

ပြည်တွင်းကားဈေးကွက်အတွင်း SKD, CKD ကားများအပြင် EV လျှပ်စစ်ကားများ၊ ဂျပန်တစ်ပတ်ရစ်ကားများ ဈေးကွက်အပြိုင်အဆိုင်ဖြစ်နေပြီး ကားဈေးများလည်းမြင့်တက်နေကြောင်းသိရသည်။

**Source :** https://www.npnewsmm.com/

## အောက်တိုဘာလနှင့် နိုဝင်ဘာလရောင်းချရန်အတွက် အာလူးတန်ချိန် ၅၀၀၀၀တန်ခန့် ဝယ်ယူတော့မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ



ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားဖြတ်အစိုးရသည် ဈေးနှုန်းကျဆင်းနေချိန်ကြားတွင် လယ်သမားများ၏ အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် အာလူးတန်ချိန် ၅၀,၀၀၀ တန်ခန့် ဝယ်ယူမည်ဟု ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

အဆိုပါဝယ်ယူမည့် အာလူးများကို အအေးခန်းထဲတွင် သိုလှောင်ထားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရောင်းချသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၈ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အစိုးရသည် အာလူးတစ်ကီလိုလျှင် TK ၂၂ ဖြင့် ရောင်းချသွားမည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

အာလူးစိုက်သူများကို ယခုလာမည့်ရာသီတွင် ထောက်ပံ့သွားမည်ဖြစ်ကြောင်း အစိုးရကထုတ်ပြန်ကြေညာခဲ့သည်။ အာလူးဈေးနှုန်းများသည် စိုက်ပျိုးရေးကုန်ကျစရိတ်များထက်ပိုမိုမြင့်မားနေသောကြောင့် စိုက်ပျိုးရေးဝန်ကြီးဌာနမှ အတွင်းရေးမှူးက ဦးဆောင်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ အတွင်းရေးမှူးများပါဝင်သော ကော်မတီကို လယ်သမားများ၏ စိုက်ပျိုးရေးကိစ္စရပ်များနှင့် အသက်မွေးဝမ်းကျောင်း အဆင်ပြေစေရေးကို ကာကွယ်ရန်အတွက် ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ရာသီအတွင်း ထုတ်လုပ်ခဲ့သော အာလူးဈေးနှုန်းများသင့်တော်စေရေးအတွက် အာမခံပေးသော ရည်ညွှန်းဈေးများကို ထုတ်ပြန်ရန် နှင့် ရောင်းဝယ်မှု ပမာဏကို အဆုံးသတ်ရန်အတွက် တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ရာသီအစပိုင်းတွင် လယ်သမားများသည် ၎င်းတို့၏ အာလူးများကို အစိုးရက သတ်မှတ်ထားသော တစ်ကီလိုလျှင် Tk ၁၄ နှုန်းထက် တစ်ကီလိုလျှင် tk ၁၁ ဖြင့်သာရောင်းချရန် တွန်းအားပေးဝယ်ယူမှုကို ကုန်သည်များဆီမှ ခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် အချို့သော မြောက်ပိုင်းဒေသများတွင် အာလူးတစ်ကီလိုအတွက် ကုန်ကျစရိတ်သည် tk ၂၀ ခန့် ကျကြောင်း DAE မှ ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တစ်နှစ်လျှင် အာလူးတန်ချိန် ၁ ဒသမ၁၅ ကုဋေခန့် ထုတ်လုပ်လျက်ရှိပြီး ယခင်ရိတ်သိမ်းရာသီထက် ပိုမိုမြင့်မားကာ သမိုင်းတစ်လျှောက်အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စာရင်းအင်းဗျူရို )BBS) ၏ ခန့်မှန်းခြေများအရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လယ်သမားများသည်  သစ်ဥသစ်ဖုများကို ဟက်တာ ၄ ဒသမ ၉၂ သိန်းခန့် စိုက်ပျိုးခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၈ ရာခိုင်နှုန်းခန့် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**Source: The Daily Star**

**DOCA(ရန်ကုန်)**

## အိန္ဒိယနိုင်ငံ၏ အထည်အလိပ်ဝင်ငွေလမ်းကြောင်းများ တစ်ဝက်ခန့် ကျဆင်းလာနိုင်



အိန္ဒိယနိုင်ငံ၏ အသင့်ဝတ် အထည်အလိပ်လုပ်ငန်း၏ ဝင်ငွေလမ်းကြောင်းများ ယခုနှစ်ဘဏ္ဍာနှစ်တွင် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိကျဆင်းလာနိုင်ကြောင်းနှင့် ယခင်နှစ်ကာလ၏ တစ်ဝက်ခန့် ကျဆင်းလာနိုင်ကြောင်း သိရသည်။

အသင့်ဝတ် အဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းသည် အိန္ဒိယနိုင်ငံ၏ ကြီးမားသော လုပ်ငန်းခွင်များဖန်တီးသည့် လုပ်ငန်းများနှင့် တင်ပို့သူများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

ဩဂုတ်လ ၂၇ ရက်နေ့မှစတင်၍ Washington မှအိန္ဒိယနိုင်ငံ၏ အထည် အလိပ်များအပေါ် အခွန် ၅၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံလိုက်ချိန်မှစ၍ ယခုနှစ်အတွက် အိန္ဒိယနိုင်ငံ၏ အထည်အလိပ်လုပ်ငန်းများသည် ဝင်ငွေများလျော့နည်းလာကြောင်း သိရသည်။

Crisil က အဆိုပါအခွန်ရိုက်ခတ်မှုသည် အိန္ဒိယနိုင်ငံ၏ အာဆီယံနိုင်ငံများနှင့် ဈေးနှုန်းယှဉ်ပြိုင်မှုကို အားနည်းစေနိုင်ကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ အမေရိကန်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ တစ်ခုတည်းသော အကြီးမားဆုံး အထည်အလိပ်ဈေးကွက်ဖြစ်ပြီး ၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ တန်ကြေးရှိသော အထည်အလိပ်များကို တင်ပို့ခဲ့ကြောင်းသိရသည်။

Crisil ၏ လေ့လာမှုများအရ စက်ရုံပေါင်း ၁၂၀ ခု၏ စုပေါင်းဝင်ငွေလမ်းကြောင်းသည် ရူပီး (RS) ၄၅,၀၀၀ ကုဋေခန့် ရှိခဲ့ကြောင်း သိရသည်။

Crisil က တင်ပို့မှုတွင် အားနည်းမှုများရှိသော်လည်း ပြည်တွင်းဝယ်လိုအားများသည် တောင့်ခံလျက်ရှိပြီး ယခင်နှစ်ထက် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိကြောင်း မျှော်မှန်းခဲ့သည်။

အဆိုပါတိုးတက်မှုကို စီးပွားရေးတည်ငြိမ်မှုအကျိုးအမြတ်နှုန်းလျော့နည်းမှုနှင့်အခွန်လျော့ကျမှုတို့က ဆက်လက် ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

"အဆိုပါတောင့်ခံနိုင်မှုသည် အခွန်စည်းကြပ်မှုကို သက်သာစေနိုင်မည်ဖြစ်ပြီး ယခုနှစ်တိုးတက်မှုသည် ယခင်နှစ်ထက် လျော့နည်းနိုင်ကြောင်း" Gautam Shahi မှ ညွှန်ကြားရေးမှူးဆိုသူ Crisil Ratings က ပြောကြားခဲ့ကြောင်း သိရသည်။

**Source: The Daily Star**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (16.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,266 (Shares) | 42,203,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 2,272 | 16,812,800 | 33,109,694 | 245,012 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,100 | 585 | 1,827,750 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 9,036 | 18,047,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,650 | 2,650 | 2,600 | 351 | 915,100 | 12,823,224 | 33,340 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 1,463 | 2,771,550 | 19,977,223 | 37,957 |
| AMATA | 00007 | 3,300 | +0 | +0.00% | 3,200 | 3,300 | 3,200 | 165 | 529,500 | 10,497,598 | 34,642 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 394 | 1,300,200 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 16th Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.99 | +0.45 | +0.12% | 364.54 | 364.99 | 363.74 | 14,266 | 42,203,900 | 8 | 688,430 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 16th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 14,911 (Shares) | 43,945,400 (MMK) |

## Main Board

As of 1:00 pm, 16th Sep. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,266 (Shares) | 42,203,900 (MMK) |

| MYANPIX | 364.99<br>▲ 0.45 |
|---|---|
| Total Volume (shares) | 14,266 |
| Total Value (MMK) | 42 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,430 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 3,300 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR